Yakult

ယာခုရုတိုအုပ်စု

# ကုန်သွင်းသူ CSR လမ်းညွှန်ချက်

၂၀၂၀ခုနှစ် ဇူလိုင်လ အတည်ပြုထုတ်ပြန်ချက်

# ကနဦး

ကျွန်ုပ်တို့သည် ကုမ္ပဏီဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ နှင့် ပတ်သက်၍ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်၊ သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားရန်နှင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် သတင်းအချက်အလက် စီမံခန့်ခွဲမှုကဲ့သို့သော လူမှုရေးဆိုင်ရာ တာဝန်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

ယာခုရုတိုအုပ်စုသည် [လုပ်ငန်း၏မူဝါဒအပေါ်အခြေခံထားသည့် လုပ်ငန်းဆိုင်ရာလှုပ်ရှားမှုများမှ တစ်ဆင့် အုပ်စုတစ်ခုလုံးနှင့် သက်ဆိုင်သူများထံမှ ယုံကြည်မှုကို ရရှိစေရန် ကြိုးစားအားထုတ်ကြပြီး အတူတကွရှင်သန်ရန် ကြိုးစားသွားကြမည်။] ဟူသော [CSR လှုပ်ရှားမှုပေါ်လစီ] ကို ချမှတ်ထားခြင်းနှင့်အတူ CSR ၏နိုင်ငံတကာဆိုင်ရာစံသတ်မှတ်ချက်ဖြစ်သော ISO 26000 ဖြင့် တိုင်းတာထားသည့် [CSR လှုပ်ရှားမှု စီမံကိန်း] ကို ရေးဆွဲထားပြီး အဆိုပါမူဝါဒအစီအစဉ်များနှင့် အညီ ပြည်တွင်းပြည်ပရှိ ယာခုရုတိုအုပ်စုသည် ဒေသတွင်း ရပ်ရွာလူထုလှုပ်ရှားမှုများနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ပံ့ပိုးဖြန့်ဝေပေးခြင်း၊ သိပ္ပံနှင့်နည်းပညာ မြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစသည့် CSR (Corporate Social Responsibility) လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

CSR လှုပ်ရှားမှုများထဲတွင် ကျန်းမာရေးအတွက် အသုံးဝင်သည့် ကုန်စည်များထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းကို ဖန်တီးရာတွင် အထောက်အကူ ဖြစ်စေသော အမျိုးမျိုးသောလှုပ်ရှားမှုများကို ပံ့ပိုးပေးသည့် [CSR ရယူမှုမြှင့်တင်ခြင်း] အား ဦးစားပေး အဖြစ် သတ်မှတ်ထားပါသည်။ ကနဦး အနေဖြင့် ၄င်းသည် ယာခုရုတိုအုပ်စု၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအတွက် စီးပွားရေးလုပ်ငန်းများတွင် ကြီးစွာအထောက်အကူပြုစေမည့်အစပျိုးမှုအဖြစ် ထိရောက်သောဆက်သွယ်မှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထောက်ပံ့ရေးလမ်းကြောင်းတစ်ခုလုံးဖြင့်လူ့အဖွဲ့အစည်းနှင့် သဘာဝဝန်းကျင်အပေါ်အပြန်အလှန် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်ဆိုးကျိုးများများကိုလျှော့ချခြင်းဖြင့် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

CSR ရယူမှုမြှင့်တင်ရန်အတွက် စီးပွားရေးလုပ်ဖော်ကိုင်ဖက်အသစ်များနှင့် စတင်သည့်အချိန် အပါအဝင် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များသို့ တောင်းဆိုချက်များအားလုံးကို [ကုန်သွင်းသူ CSR လမ်းညွှန်ချက်] တွင် ပြုစုထားပါသည်။ ဤလမ်းညွှန်ချက်တွင် ဖော်ပြထားသည့် တောင်းဆိုချက်များနှင့် ပတ်သက်၍ စစ်တမ်းများနှင့် စာရင်းစစ်များမှတစ်ဆင့် လှုပ်ရှားမှုအကြောင်းအရာများကို မေးမြန်းသွားမည်ဖြစ်ပြီး ပြင်ဆင်ရန်လိုအပ်သည့် အချက်များကို အတည်ပြုပြီးသွားသည့်အခါ သင့်လျော်သော ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

အားလုံးက သဘောပေါက်နားလည်ပြီး ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

## ကော်ပိုရိတ် ဒဿန

**ကျွန်ုပ်တို့သည် လူနေမှု ဘဝသိပ္ပံနှင့် အဏုဇီဝ ဆိုင်ရာ စဉ်ဆက်မပြတ် သုတေသနလေ့လာတွေ့ ရှိချက်များအပေါ် အခြေခံ၍ ကမ္ဘာပေါ်ရှိ လူသားအားလုံး ကျန်းမာ၊ပျော်ရွှင်စွာနေထိုင် နိုင်ရေး ဖြည့်ဆည်းပေးသွားပါမည်။**

## ကော်ပိုရိတ်ဆောင်ပုဒ်

**လူသားများကျန်းမာစေရန်အတွက် လူသားများသာမက ပတ်ဝန်းကျင်မှ အရာအားလုံးပါ ကျန်းမာနေဖို့ လိုအပ်ပါသည်။**

### ကော်ပိုရိတ်ဆောင်ပုဒ်တွင်ထည့်သွင်းထားသော အတွေးအမြင်

ကမ္ဘာပေါ်ရှိ အရာအားလုံး ကျန်းမာနေခြင်းသည် ရေ၊ မြေ၊ လေ၊ တိရစ္ဆာန်၊ အပင်နှင့် လူသားတို့ဖြင့်ဖြစ်တည်နေသော လူ့အဖွဲ့အစည်းများကြောင့်ဟု ယာခုရုတိုက ယုံကြည်ပြီး လူသားများအားလုံးသည် ကျန်းမာသောလူနေမှုဘဝဖြင့် ဖြစ်တည်နေနိုင်ပြီး ကျန်းမာသောလူ့ဘောင် ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

# ယာခုရုတ်အုပ်စု၏ CSR ရယူမှုပေါ်လစီ

ယာခုရုတ်အုပ်စုသည် လူ့အခွင့်အရေး၊ အလုပ်သမား၊ ပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို ထည့်သွင်းစဉ်းစားသည့် CSR ရယူမှု၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်သွင်းသူအားလုံးဖြင့် CSR ရယူမှုကို မြှင့်တင်ပေးသွားပါမည်။

## ၁။ ဥပဒေများကိုလေးစားလိုက်နာရန်နှင့် နိုင်ငံတကာကျင့်ထုံးများကို လေးစားလိုက်နာခြင်း

နိုင်ငံနှင့်ဒေသအသီးသီးတို့၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းအပြင် နိုင်ငံတကာကျင့်ဝတ်များကို လေးစားလိုက်နာကာ တရားမျှတပြီး သမာသမတ်ကျသော ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်သွားပါမည်။

## ၂။ လူ့အခွင့်အရေး၊ အလုပ်သမားနှင့် ကျန်းမာဘေးကင်းရေးတို့အား ထည့်သွင်းစဉ်းစားခြင်း

ကလေးလုပ်သားနှင့် အဓမ္မစေခိုင်းမှု ပပျောက်ရေး၊ အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာပြီး လုပ်ငန်းခွင်ဝန်းကျင်နှင့် ဘေးကင်းကျန်းမာရေးကို ထည့်သွင်းစဉ်းစားသည့် ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်သွားမည် ဖြစ်ပါသည်။

## ၃။ လုံခြုံမှု၊ဘေးကင်းမှုနှင့် အရည်အသွေးကို ထိန်းသိမ်းထားခြင်း

ကုန်ကျစရိတ်နှင့် တည်ငြိမ်သောထောက်ပံ့မှုများသာမက အရည်အသွေးမြင့်ပြီး ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်သော ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်သွားပါမည်။

## ၄။ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားခြင်း

[ယာခုရုတ် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံပေါ်လစီ] နှင့် အညီ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားထားသည့် ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်ပေးပါမည်။

## ၅။ သတင်းအချက်အလက်လုံခြုံရေးထိန်းသိမ်းခြင်း

အရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်သည့် လျှို့ဝှက်အချက်အလက်များကို တင်းကြပ်စွာ စီမံခန့်ခွဲမည် ဖြစ်ပြီး တရားဝင်ရည်ရွယ်ချက်များမှလွဲ၍ အခြားမည်သည့် ရည်ရွယ်ချက်အတွက်မဆို အသုံးပြုမည် မဟုတ်ပါ။

## ၆။ လူ့အဖွဲ့အစည်းနှင့်အတူ ယှဉ်တွဲနေထိုင်ခြင်း

လူ့အဖွဲ့အစည်းနှင့်အတူယှဉ်တွဲနေထိုင်ရန် လူ့အဖွဲ့အစည်းအတွက် ထည့်သွင်းစဉ်းစားရမည့် ကြိုးပမ်းအားထုတ်မှုများကို ထည့်သွင်းစဉ်းစားကာ ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်သွားပါမည်။

WEB ယာခုရုတ်ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံပေါ်လစီ
https://www.yakult.co.jp/english/csr/environment/policy/

## ၁။ ဥပဒေများကိုလေးစားလိုက်နာခြင်းနှင့် နိုင်ငံတကာကျင့်ထုံးများကို လေးစားကျင့်သုံးခြင်း

နိုင်ငံနှင့်ဒေသအသီးသီးတို့၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းအပြင် နိုင်ငံတကာကျင့်ဝတ်များကို လေးစားလိုက်နာကာ တရားမျှတပြီး သမာသမတ်ကျသော ရယူရေးဆောင်ရွက်ချက်များကို မြှင့်တင်သွားပါမည်။ ထို့အပြင် အဆိုပါလိုက်နာကျင့်သုံးမှုအတွက် ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ထားပါမည်။

| | |
|---|---|
| **နည်းဥပဒေများကို လေးစားလိုက်နာခြင်း** | နိုင်ငံနှင့်ဒေသအသီးသီးတွင် တည်ထောင်ထားသော လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းမပြုရ။ |
| **အဂတိလိုက်စားမှု တိုက်ဖျက်ရေး** | ကျွန်ုပ်တို့သည် စားသုံးသူများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး နှင့် အခြားသော လုပ်ငန်းတွဲဖက်များနှင့် တရားမျှတသော ဆက်ဆံရေးကို ထိန်းသိမ်းထားမည်ဖြစ်ပြီး အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ သို့မဟုတ် လိမ်လည်လှည့်ဖျားသည့်လုပ်ဆောင်မှုများကဲ့သို့သော မသင့်လျော်သည့် အကျိုးအမြတ် တစ်စုံတစ်ရာပေးခြင်း နှင့် လက်ခံခြင်းမျိုး မပြုလုပ်ပါ။ |
| **တရားမျှတပြီး သမာသမတ်ကျသော အရောင်းအဝယ်** | လက်ဝါးကြီးအုပ်မှုတားမြစ်ရေးဥပဒေစသည်တို့နှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို လေးစားလိုက်နာပြီး တရားမျှတ၍ သမာသမတ်ကျသော အရောင်းအဝယ်များကိုသာ လုပ်ဆောင်ပါမည်။ |
| **စနစ်ပြင်ဆင်ထားခြင်း** | ကျွန်ုပ်တို့သည် ကျင့်ဝတ်စည်းကမ်းများနှင့် ကုမ္ပဏီစည်းမျဉ်းများကဲ့သို့သော ကိုယ်ပိုင်မူဝါဒများအား ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါအချက်အလက်များ နှင့် ပတ်သက်၍ ဝန်ထမ်းများအား ပညာပေးခြင်း၊ အသိဖြန့်ဝေခြင်းလှုပ်ရှားမှုများကို လုပ်ဆောင်ပြီး ပြဿနာများကို စောစီးစွာ သိရှိနိုင်စေသည့် စနစ် စသည့် ထိရောက်သောယန္တရားများကို ပြင်ဆင်ထားရှိပါမည်။ |

## ၂။ လူ့အခွင့်အရေး၊ အလုပ်သမားနှင့် ကျန်းမာဘေးကင်းရေးတို့အား ထည့်သွင်းစဉ်းစားခြင်း

ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) တို့က ထောက်ခံအားပေးထားသည့် အလုပ်သမားနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (ILO Declaration) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးမူများကို လိုက်နာကာ ဘေးကင်းရေးနှင့် ကျန်းမာရေးအတွက် ထည့်သွင်းစဉ်းစားကာ တရားမျှတပြီး သင့်လျော်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးထားပါမည်။ နိုင်ငံတကာက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် နိုင်ငံနှင့်ဒေသအသီးသီးနှင့် ဆိုင်သော နည်းဥပဒေများအကြား ပဋိပက္ခများဖြစ်ပွားပါက နိုင်ငံတကာဆိုင်ရာလူ့အခွင့်အရေး၏ အခြေခံမူများကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။

| | |
|---|---|
| **ကလေးအလုပ်သမား ပပျောက်ရေး** | ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်စေသော အလုပ်များကို တားဆီးပေးပြီး အသက်မပြည့်သော ကလေးလုပ်သားများကို ဖယ်ရှားပါမည်။ |
| **အဓမ္မခိုင်းစေမှု ပပျောက်ရေး** | ကာယကံရှင်၏ဆန္ဒကိုဆန့်ကျင်သော ခိုင်းစေမှု၊ အလုပ်ဖြုတ်ရလွယ်ကူအောင် ကန့်သတ်ထားသော အလုပ်ခန့်အပ်မှုတို့ကို အသုံးမပြုပါ။ |

| | |
|---|---|
| **ခွဲခြားဆက်ဆံမှု ပပျောက်ရေး** | အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာပြီး လူမျိုး၊ ဘာသာ၊ ကျားမ၊ ကျားမ လက္ခဏာ၊ လိင်စိတ်တိမ်းညွတ်မှု၊ အသက်အရွယ်၊ နိုင်ငံသား၊ မွေးဖွားရာဇာတိ၊ ဘာသာစကား၊ မသန်စွမ်းမှု၊ အိမ်ထောင်ရှိမရှိ၊ ကိုယ်ဝန်ဆောင် စသည့် အကြောင်းပြချက်များပေါ်မူတည်၍ အလုပ်ခေါ်ခြင်း၊ အလုပ်ခန့်ခြင်း၊ ရာထူးတိုးခြင်း စသည့် ခွဲခြားဆက်ဆံမှုများကို မပြုလုပ်ပါ။ |
| **မျှတသောလုပ်ခလစာ ပေးချေခြင်း** | အနည်းဆုံးလုပ်ခလစာ၊ အချိန်ပိုကြေးများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာပြီး ဝန်ထမ်းများအား ခန့်အပ်ထားသည့် နိုင်ငံနှင့်ဒေသ၏ ဥပဒေ အရပြဌာန်းထားသော အနိမ့်ဆုံးစံနှုန်းများနှင့် ကိုက်ညီသော သို့မဟုတ် ကျော်လွန်သော လုပ်ခလစာကို ပေးချေပါမည်။ |
| **မျှတသောအလုပ်ချိန်ကို ကျင့်သုံးခြင်း** | အချိန်ပိုနှင့် အားလပ်ရက်ဆိုင်ရာ ဥပဒေကန့်သတ်ချက်များကို လိုက်နာပြီး ဝန်ထမ်းများ၏ အလုပ်ချိန်နှင့် အားလပ်ရက်များကို သင့်လျော်စွာ စီမံခန့်ခွဲခြင်းဖြင့် အလုပ်ချိန်ရှည်လျားမှုကို လျော့ချပေးပါမည်။ |
| **လွတ်လပ်စွာ အသင်းဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းညှိနှိုင်းပိုင်ခွင့်** | လွတ်လပ်စွာ အသင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာပြီး အလုပ်သမားသမဂ္ဂများတွင် ပါဝင်ခွင့်၊ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းခြင်းဆိုင်ရာအခွင့်အရေးတို့ကို လေးစားလိုက်နာပါမည်။ |
| **ကျန်းမာဘေးကင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု** | မတော်တဆထိခိုက်မှုမရှိဘဲ ဘေးကင်းလုံခြုံ၍ တကိုယ်ရေသန့်ရှင်းပြီး ကျန်းမာသော လုပ်ငန်းခွင်တစ်ခု ဖန်တီးရန် စနစ်နှင့် ပတ်ဝန်းကျင်ကို တည်ဆောက်သွားပါမည်။ |

## ၃။ လုံခြုံမှု၊ဘေးကင်းမှုနှင့် အရည်အသွေးကို ထိန်းသိမ်းထားခြင်း

အရည်အသွေးမြင့်မားပြီး ဘေးကင်းမှုကို ထိန်းသိမ်းထားရန်အတွက် ယန္တရားတစ်ခုကို တည်ဆောက်ပါမည်။

| | |
|---|---|
| **အရည်အသွေးမြင့်မားသော ယန္တရားတစ်ခု တည်ဆောက်ခြင်း** | ကျန်းမာပြီး ဘေးကင်းလုံခြုံသော ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ အရည်အသွေးကို ထိန်းသိမ်း ထားရန်အတွက် ယာခုရတိုအုပ်စုနှင့် သဘောတူသတ်မှတ်ထားသော အရည်အသွေး စံနှုန်းကို ထိန်းသိမ်းရန်အတွက် စီမံခန့်ခွဲသည့် ယန္တရားကို တည်ဆောက်ပြီး လည်ပတ်သွားပါမည်။ |
| **ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းထားခြင်း** | ကုန်စည်နှင့် ဝန်ဆောင်မှုများအပြင် အခြား ထုတ်ကုန်စသည်တို့နှင့် စပ်လျဉ်းသည့် ဥပဒေများကို လေးစားလိုက်နာပြီး ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းထားခြင်းနှင့် ယုံကြည် စိတ်ချရသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။ |
| **တိရစ္ဆာန်များ၏ အသက်ကို လေးစားတန်ဖိုးထားခြင်းနှင့် ကျင့်ဝတ်များကို ထည့်သွင်းစဉ်းစားခြင်း** | တိရစ္ဆာန်စောင့်ရှောက်ရေး (Animal welfare) နှင့် စပ်လျဉ်းသည့် ဥပဒေများကို လေးစားလိုက်နာပြီး မွေးမြူရေးတိရစ္ဆာန်များ နှင့် သုတေသနလုပ်ငန်းများအတွက် အသုံးပြုသောတိရစ္ဆာန်များကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ပါမည်။ တိရစ္ဆာန်များအား စမ်းသပ်ခြင်းနှင့် ဆက်စပ်၍မှု သိပ္ပံနည်းကျမှန်ကန်ပြီး စည်းကမ်း ထိန်းသိမ်းရေး တာဝန်ရှိ အဖွဲ့အစည်း မှ အတည်ပြုပေးထားပါက အခြားသော ရွေးချယ်စရာ များကိုပါ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် အစမ်းသပ်ခံ တိရစ္ဆာန် အသုံးပြုသည့် အရေအတွက်လျော့ချရေး၊ နာကျင်မှုနှင့် စိတ်ဖိစီးမှုများကို အနည်းဆုံး ဖြစ်စေရေးအတွက် လက်တွေ့စမ်းသပ်ပုံနည်းလမ်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် သင့်လျော်သောစီမံခန့်ခွဲမှုများကို ပြုလုပ်ပါမည်။ |

## ၄။ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားခြင်း

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန်၊ ရာသီဥတုပြောင်းလဲမှုကို တုန့်ပြန်ရန်၊ ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ညစ်ညမ်းမှုများမှကာကွယ်ရန်၊ စွန့်ပစ်ပစ္စည်းများကို သင့်တော်သလို စီမံခန့်ခွဲရန်နှင့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရန် စီမံခန့်ခွဲမှုစနစ်တစ်ခု တည်ဆောက်သွားမည်ဖြစ်သည်။

| | |
|---|---|
| **သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးစနစ် တည်ဆောက်ခြင်း** | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပြီး စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်လာစေရန်အတွက် အကောင်အထည်ဖော်မှု အခြေအနေကို စစ်ဆေးသုံးသပ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပါမည်။ |
| **ရာသီဥတုပြောင်းလဲမှုကို တုန့်ပြန်ခြင်း** | ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် စွမ်းအင်ချွေတာပြီး ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်များကို အသုံးချမှုမြှင့်တင်ရန်နှင့် ကမ္ဘာကြီးပူနွေးကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ကို လျှော့ချရန် ကြိုးပမ်းသွားပါမည်။ |
| **ဇီဝမျိုးကွဲများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း** | ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဇီဝမျိုးကွဲများအပေါ် သက်ရောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး သဘာဝဂေဟာစနစ်ကို ထိန်းသိမ်းရန် ကြိုးပမ်းသွားပါမည်။ |
| **ညစ်ညမ်းမှုများမှ ကာကွယ်ရန်** | မြေဆီလွှာ၊ လေထုနှင့် ရေထုညစ်ညမ်းမှုများကို ကာကွယ်ရန်အတွက် သက်ဆိုင်ရာဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုသို့မဟုတ် ဘေးကင်းလုံခြုံမှုကို ချိုးဖောက်နိုင်သည့် အရာများအား သေချာစွာ စီမံခန့်ခွဲသွားပါမည်။ |
| **အမှိုက်လျှော့ချရေးနှင့် စနစ်တကျစွန့်ပစ်ရေး** | သယံဇာတများချွေတာရေးဖြင့် စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း၊ စနစ်တကျစွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့ကို ကြိုးပမ်းသွားပါမည်။ |
| **ရေအသုံးပြုခြင်း၊ သယံဇာတများ ပြန်လည်အသုံးပြုခြင်း** | ရေနှင့် ကုန်ကြမ်းများကဲ့သို့ အကန့်အသတ်ရှိသော ကမ္ဘာလုံးဆိုင်ရာ အရင်းအမြစ်များ အား သုံးစွဲမှုနှင့် စွန့်ပစ်မှုကို လျှော့ချကာ ရေရှည်တည်တံ့ပြီး အကျိုးရှိစွာအသုံးပြုမှုကို မြှင့်တင်သွားပါမည်။ |

## ၅။ သတင်းအချက်အလက်လုံခြုံရေးထိန်းသိမ်းခြင်း

လျှို့ဝှက်သတင်းအချက်အလက်များကို တင်းကျပ်စွာစီမံခန့်ခွဲပါမည်။

| | |
|---|---|
| **သတင်းအချက်အလက်ကို ကောင်းမွန်စွာစီမံခန့်ခွဲခြင်း** | ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများမှရရှိသော သတင်းအချက်အလက်များကို စနစ်တကျစီမံခန့်ခွဲရန် ယန္တရားတစ်ခုကို တည်ဆောက်မည်ဖြစ်ပြီး ကွန်ပြူတာကွန်ယက်ပေါ်မှခြိမ်းခြောက်မှုများနှင့် လူသား၏မှားယွင်းမှုကြောင့် ဖြစ်ပွားရသောပေါက်ကြားမှုများမှ သတင်းအချက်အလက်များကိုကာကွယ်ရန် အစီအမံများကို လုပ်ဆောင်ပါမည်။ |
| **ကိုယ်ရေးကိုယ်တာအချက်အလက်နှင့် သီးသန့်ရှိမှုကို ကာကွယ်ခြင်း** | သီးသန့်တည်ရှိမှုကာကွယ်ခြင်း၏အရေးပါမှုကိုသဘောပေါက်လျှက်၊ လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့်ရရှိသော ဖောက်သည်များ၊ တတိယပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များ၏ အချက်အလက်များကို အပြည့်အဝ ကာကွယ်ထိန်းသိမ်းရန်စီမံခန့်ခွဲပါမည်။ |

## ၆။ လူ့အဖွဲ့အစည်းနှင့်အတူ ယှဉ်တွဲနေထိုင်ခြင်း

လူ့အဖွဲ့အစည်းနှင့်ယှဉ်တွဲနေထိုင်ရေးနှင့် ရေရှည်တည်တံ့သောလူ့အဖွဲ့အစည်းကိုဖန်တီးနိုင်ရေးအတွက် လုပ်ရှား ဆောင်ရွက်မှုများကိုမြှင့်တင်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| **လူ့အဖွဲ့အစည်းနှင့် ယှဉ်တွဲနေထိုင်ရေး** | ဒေသခံလူ့အဖွဲ့အစည်းနှင့်အတူယှဉ်တွဲနေထိုင်ရေးကိုရည်ရွယ်လျှက် လူ့အဖွဲ့အစည်းအကျိုးပြုလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါမည်။ |
| **ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းကိုဖန်တီးခြင်း** | နိုင်ငံတကာလူ့အဖွဲ့အစည်း၊ ဒေသန္တရလူ့အဖွဲ့အစည်းတို့နှင့် ဆက်ဆံရေးမှတစ်ဆင့် ရေရှည်တည်တံ့သောလူ့အဖွဲ့အစည်းကို ဖန်တီးဖော်ဆောင်ရေး၌ ထောက်ပံ့ သွားပါမည်။ |

စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအား အထက်ဖော်ပြပါ အချက်အလက်များအတိုင်း ဆောင်ရွက်ရန်တောင်းဆိုအပ်ပါသည်။ ထို့ပြင်နောင်တွင် စဥ်ဆက်မပြတ်ဆက်သွယ်မှုရရှိနိုင်ရန်အတွက်၊ လူကြီးမင်းတို့ကုမ္ပဏီ၏ CSR ဆက်သွယ်ရန်နေရာ အကြောင်းကို ကျွန်ုပ်တို့ ယာခုရှုတိုအုပ်စု၏ ရယူရေးတာဝန်ခံထံ အသိပေးပါရန်။

၂၀၂၀ခုနှစ် ဇူလိုင်လ အတည်ပြုထုတ်ပြန်ချက်
ယာခုရှုတိုကုမ္ပဏီလီမိတက်ရုံးချုပ်
ပြည်သူ့ဆက်ဆံရေးဌာနခွဲ
CSR မြှင့်တင်ရေးဌာန

Yakult